China · YUNNAN HEADLINE
၁၄-၂၀ ဇွန် ၊ ၂၀၁၆ Vol.48
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

# တောင်အာရှကုန်စည်ပြပွဲအကြောင်းသိကောင်းစရာ – အမေးအဖြေများ

**မေး။ ။တောင်အာရှကုန်စည်ပြပွဲကျင်းပခြင်းသည် ယူနန်ပြည်သူလူထုများအတွက် မည်သည့်ကောင်းကျိုးများ ဆောင်ကြဉ်းပေးနိုင်သနည်း။**

ဖြေ။ ။တောင်အာရှကုန်စည်ပြပွဲသည် အထွေထွေကုန်စည်ပြပွဲ၊ အဆင့်မြင့်သော ကုန်စည်ပြပွဲ၊ ထိပ်တန်းကျသည့်ကုန်စည်ပြပွဲတစ်ခုဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် အခွင့်အလမ်းများဆောင်ကြဉ်းပေးနိုင်သည့်အပြင် သာမန်ပြည်သူလူထုများ၏ စားဝတ်နေရေးအတွက်လည်း ကောင်းကျိုးပေးနိုင်ပါသည်။ ယူနန်တစ်ပြည်နယ်လုံးရှိ ပြည်နယ်ခွဲ/မြို့အသီးသီးတို့က ပတ်ဝန်းကျင်သန့်ရှင်းရေးကို အစွမ်းကုန်လုပ်ဆောင်၍ မြို့ပြနှင့်ကျေးလက်ဒေသ၏ အသွင်အပြင်ကို လှပအောင်ဆောင်ရွက်သွားမည်ဖြစ်သည်။ မြို့ပြအခြေခံအဆောက်အအုံ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ မြို့ပြအသွင်အပြင်နှင့် စီမံခန့်ခွဲရေးအဆင့်အတန်းစသည်တို့ကို မြှင့်တင်လာပြီး ပြည်သူလူထုများ၏ နေထိုင်မှုပတ်ဝန်းကျင်ကို ကောင်းမွန်အောင်ပြုပြင်သွားမည်ဖြစ်သည်။ ထို့ပြင် တောင်အာရှကုန်စည်ပြပွဲကျင်းပခြင်းဖြင့် ယူနန်မှ ပြင်ပသို့ပိုမိုတံခါးဖွင့်ရန် တွန်းအားပေးပြီး နယ်ခံဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်မှုတို့ကို နှိုးဆွနိုင်သည်။

နှစ်စဉ်ကျင်းပခဲ့သည့် တောင်အာရှကုန်စည်ပြပွဲတွင် တောင်အာရှနိုင်ငံများအတွက် ပြသမှုအစီအစဉ်အမျိုးမျိုးလုပ်ဆောင်ခဲ့ပြီး နိုင်ငံအသီးသီးမှ ကုန်ထုတ်လုပ်ငန်းရှင်နှင့် ဝယ်ယူသူများအတွက် ကုန်ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်းများ အချင်းချင်းချိတ်ဆက်စေသော စင်မြင့်ခင်းကျင်းပေးနိုင်ခဲ့သည်။ သာမန်ပြည်သူလူထုအနေဖြင့် တောင်အာရှကုန်စည်ပြပွဲမှတစ်ဆင့် တောင်အာရှနိုင်ငံများ၏ ယဉ်ကျေးမှုကို ပိုမိုဘက်စုံစွာ၊ ပိုမိုထိတွေ့စွာ သိရှိနိုင်သည့်အပြင် တောင်အာရှ၊ အရှေ့တောင်အာရှနှင့်ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ကုန်ပစ္စည်းများကို ပိုမိုလျင်မြန်လွယ်ကူစွာ ဝယ်ယူနိုင်ပါသည်။

ဒေသအသီးသီးမှ ထူးခြားသောစားကောင်းသောက်ဖွယ်များကိုလည်း စားသုံးနိုင်ပါသည်။

**မေး။ ။ တောင်အာရှကုန်စည်ပြပွဲရှိ "တိမ်ဖြူလေး"ဟူသည်မှာ အဘယ်နည်း။**

ဖြေ။ ။ "တိမ်ဖြူလေး"ဟူသည်မှာ (၃)ကြိမ်မြောက်တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့်(၂၃)ကြိမ်မြောက်ကူမင်းကုန်စည်ပြပွဲရှိ လုပ်အားပေးများအပေါ် ရင်းနှီးစွာ ခေါ်ဝေါ်ထားခြင်းဖြစ်ပါသည်။

(၃)ကြိမ်မြောက်တောင်အာရှကုန်စည်ပြပွဲမှ လုပ်အားပေးများ၏သီချင်းဖြစ်သည့် 《တိမ်ဖြူတစ်ပွင့်ပွင့်》 နှင့် အောက်ခံတွင် အဖြူရောင်၊ အပေါ်တွင် အပြာရောင်တိမ်ကျားပေါ်သည့် လုပ်အားပေးများ၏ အဝတ်အထည်အရ အမည်တပ်ထားခြင်း ဖြစ်ပါသည်။ ယမန်နှစ်က တျန်းချီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာအတွင်းရှိ တောင်အာရှကုန်စည်ပြပွဲပြတိုက်တွင် လူငယ်ပေါင်း (၂၀၀၀)ကျော်တို့သည် နေ့စဉ်နှင့်အမျှ အလုပ်များခဲ့ကြသည်။ ၎င်းတို့သည် မြေပုံများခွဲဝေလိုက်၊ လမ်းညွှန်ပြလိုက်၊ စည်းကမ်းထိန်းသိမ်းလိုက်၊ အရေးပေါ်ကိစ္စရပ်များဖြေရှင်းလိုက် . . . ထိုလုပ်အားပေးတို့သည် ယူနန်ပြည်နယ်အတွင်းရှိ တက္ကသိုလ်ကောလိပ်များမှ လာရောက်ကြသော"(၉၀)ဆယ်စုနှစ်ဖွားလူငယ်"ကျောင်းသားများဖြစ်ပြီး မိမိ၏ အလုပ်ခွင်အသီးသီးတွင် တာဝန်ကိုယ်စီယူကြကာ တောင်အာရှကုန်စည်ပြပွဲ၏ လှပသောရှုခင်းတစ်ခု ဖြစ်လာခဲ့သည်။

တောင်အာရှကုန်စည်ပြပွဲ၏ လုပ်အားပေးအဖြစ် ၎င်းတို့၏ အဓိကတာဝန်များမှာ စုံစမ်းမေးမြန်းမှုကို ဖြေကြားခြင်း၊ အကူအဖြစ် ဧည့်ခံခြင်း၊ ဘာသာပြန်ဆိုခြင်း၊ မီဒီယာဝန်ဆောင်မှုပေးခြင်း၊ လုံခြုံမှုအာမခံပေးခြင်းစသည့်ဝန်ဆောင်မှုလုပ်ငန်း (၁၀)မျိုးဖြစ်သည်။ ကူမင်းမြို့တွင်းရှိ အရေးကြီးလမ်းပန်းဆက်သွယ်ရေးအချက်အချာနေရာ၊ စီးပွားရေးကွန်ရက်ပွိုင့်၊ ခရီးသွားရှုခင်းသာနေရာ စသည့်နေရာများတွင်လည်း တောင်အာရှကုန်စည်ပြပွဲဆိုင်ရာ မူဝါဒဖြန့်လုပ်ငန်း၊ ကူမင်းမြို့ကို လှပအောင် မွမ်းမံစေရေးစသည့်ဝန်ဆောင်မှု လုပ်ငန်းများကို လုပ်ဆောင်ခဲ့ပြီးလူမှုလောကအသီးသီးမှ ဂရုစိုက်၍ အသိအမှတ်ပြုခံခဲ့ရသည်။ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် တောင်အာရှကုန်စည်ပြပွဲအတွက် လုပ်အားပေးများခေါ်ယူခြင်း၊ အလုပ်ခွင်နှင့်လိုက်ဖက်အောင် ချိတ်ဆက်ခြင်း၊ လေ့ကျင့်မွေးထုတ်ခြင်းစသည့် လုပ်ငန်းအဆင့်ဆင့်တို့မှာ ပိုမိုတင်းကြပ်လာသည်။ အချို့သောလုပ်ငန်းဌာနများက လုပ်အားပေးများခေါ်ယူရာတွင် လုပ်အားပေးများ၏ အထွေထွေအရည်အချင်းကိုအလေးထားသည့်အပြင် ခန္ဓာကိုယ်စွမ်းအားစစ်ဆေးမှုကိုလည်း ထည့်သွင်း၍စစ်ဆေးခဲ့သည်။ ၎င်းအပြင် နိုင်ငံခြားဧည့်သည်များကို ပိုမိုကောင်းမွန်အောင်ဝန်ဆောင်ပေးနိုင်ရန် လုပ်အားပေးများသည် အခြေခံလောကဝတ်များ၊ လုံခြုံရေးဆိုင်ရာ ဗဟုသုတများကိုတတ်မြောက်ရမည့်အပြင် နေ့စဉ်သုံးအင်္ဂလိပ်စကားနှင့် အခြားဘာသာစကားများကိုလည်း သင်ယူရမည်ဖြစ်သည်။

သတင်းထောက် - ကျူးဟဲ၊ စူးဝင်

